## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ ၊ ဒီဇင်ဘာလ |
| အုပ်ရေ | - | ၈၀၀၀၀ အုပ် |
| ထုတ်ဝေသူ | - | |
| ပုံနှိပ်သူ | - | United Shwe Naing Ngan Print Group Co., Ltd. |
| | | No. 90(C), Gabar Aye Pagoda Road, |
| | | Sayar San Ward, Bahan Township, Myanmar. |
| | | Tel : 95-01-400871 |

# မာတိကာ

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်


နိဒါန်း ........................................................၃

အခန်း (၁)

အခြေခံမူများ................................................၄

အခန်း (၂)

ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ ..............................၇

အခန်း (၃)

- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ...........၉
- ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် ..................၁၁
  လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်း
- တပ်ဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်.................၁၂
- အရပ်သားများကို အကာအကွယ်ပေးခြင်း................၁၃
- လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ...............၁၅

အခန်း (၄)

- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်
  လုပ်ဆောင်ခြင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ
  စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ
  ကျင့်ဝတ်များ .................................................၁၇
- ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း ............................၂၀

**အခန်း (၅)**


- နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ ............၂၁
- နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း ...........................၂၁
- နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း ...............................၂၂
- အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း........................................................၂၃


**အခန်း (၆)**


ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ..................၂၅
- ယုံကြည်မှုတည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် အချက်များ ..............................၂၅
- ကြားကာလအတွင်းဆောင်ရွက်ရမည့် အစီအစဉ်များ ၂၆
- ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန် တင်သွင်းခြင်း .................................................၂၇


**အခန်း (၇)**


အထွေထွေ .......................................................၂၈
- ညှိနှိုင်းဖြေရှင်းခြင်း.............................................၂၉
- သဘောတူစာချုပ်အကျိုးသက်ရောက်ခြင်း..............၂၉
- သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း.................၂၉
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ...........၃၀
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ...........၃၁
- ပြည်တွင်းအသိသက်သေများ...............................၃၄
- နိုင်ငံတကာအသိသက်သေများ.............................၃၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အရ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ


နိဒါန်း ..........................................................၄၁
ရည်ရွယ်ချက် ..................................................၄၁

အခန်း (၁)
အခြေခံမူများ.....................................................၄၃

အခန်း (၂)
အရပ်သားပြည်သူနှင့် ပတ်သက်၍
စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ........၄၄

အခန်း (၃)
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
စစ်ဘက်ကျင့်ဝတ်များ...........................................၄၇
- ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန်
  လက်နက်ကိုင်အဖွဲ့များနေရာချထားခြင်း.................၄၉
- တပ်ဖွဲ့ဝင်များလွတ်လပ်စွာသွားလာခွင့်...................၅၀

အခန်း (၄)
အထွေထွေကိစ္စရပ်များ..........................................၅၁
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
  ကိုယ်စားလှယ်များ ..........................................၅၁
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ...........၅၂

## အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်


နိဒါန်း ........................................................... ၅၇
ရည်ရွယ်ချက် ................................................... ၅၇
- အဓိပ္ပါယ်ဖွင့်ဆိုချက် ........................................ ၅၈
- ဦးဆောင်ကျင်းပမည့်သူများ ............................... ၅၈
- ဆွေးနွေးမည့်အကြောင်းအရာများ ......................... ၅၈

လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့်
နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် (မူကြမ်း) .......... ၆၀
- အဓိပ္ပါယ်ဖွင့်ဆိုချက် ........................................ ၆၀
- ပါဝင်မည့် အဖွဲ့အစည်းများ .................................. ၆၁
- တာဝန်နှင့် လုပ်ပိုင်ခွင့်များ ................................. ၆၁
- ကျင်းပပုံ ကျင်းပနည်း ........................................ ၆၁
- မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ
  မူဝါဒကိစ္စရပ်များ ............................................ ၆၁

ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့်
နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် (မူကြမ်း) .......... ၆၅
- ပါဝင်မည့် အဖွဲ့အစည်းများ .................................. ၆၆
- တာဝန်နှင့် လုပ်ပိုင်ခွင့်များ ................................. ၆၆
- ကျင်းပပုံ ကျင်းပနည်း ........................................ ၆၇

အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့်
နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်)
လုပ်ငန်းလမ်းညွှန် (မူကြမ်း) ................................. ၇၀
- ပါဝင်မည့် အဖွဲ့အစည်းများ .................................. ၇၁
- တာဝန်နှင့် လုပ်ပိုင်ခွင့်များ ................................. ၇၂
- ကျင်းပပုံ ကျင်းပနည်း ........................................ ၇၂

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်

၂၀၁၅ ခုနှစ်၊ နိုင်ဝင်ဘာလ (၁၈) ရက်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

၂၀၁၅ ခုနှစ်၊ နိုင်ဝင်ဘာလ (၁၈) ရက်

## နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယခင်က ချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး ပါဝင်သင့်သူအားလုံး ပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ်အခြေခံသည့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။

ဤတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန်  သန္နိဋ္ဌာန်ပြုကြသည်။

# အခန်း (၁)
# အခြေခံမူများ

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး အတွက် အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သဘောတူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေ ခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံ ချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့သော လက်နက် ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်း အဖြေ ရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်း မပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေး ယဉ်ကျေးမှုသစ် တစ်ရပ် ထူထောင်ပြီး၊ လက်နက်ကိုင် ပဋိပက္ခအဆုံးသတ် နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးကို ဦးစွာ ဆောင်ရွက်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စု တပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံ ဆွေးနွေး ပွဲများတွင် ထည့်သွင်း ဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံး ကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှု

တို့ကြောင့် ခွဲခြားဆက်ဆံခြင်း မပြုဘဲ တန်းတူရည်တူ အခွင့်အရေး ရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကို ထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်။

(ဈ) ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက် အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(ည) ဤသဘောတူစာချုပ်ကြောင့် ဖြစ်ထွန်းလာမည့် တိုးတက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဌ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

## အခန်း (၂)

# ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

၂။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဤသဘောတူစာချုပ်၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များအဖြစ် သဘောတူသည် -

(က) ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေးဆွေးနွေးရေး မူဘောင်ပေါ်တွင် အခြေခံ၍ ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်ကို စတင်ရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ်အကောင်အထည်ဖော် ဆောင်မှုများ၊ ကျင့်ဝတ် စည်းကမ်းများအား လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနှင့် ပဋိပက္ခများ ဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ" တစ်ရပ်ကို ဖွဲ့စည်းသွားရန်။

(ဂ) ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်း အတည်ပြုရန်။

(ဃ) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးဆန္ဒကို နားလည်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်

တွင် ပါဝင်သင့် ပါဝင်ထိုက်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်။

# အခန်း(၃)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ

၃။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့် နေ့မှစ၍ (၁၄) ရက်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို တိကျသော အချိန်ဇယားသတ်မှတ် အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်သွားရန် သဘောတူသည်။

၄။ ဤသဘောတူစာချုပ်ပါ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်နှင့် ပတ်သက်သည့် နှစ်ဖက်အပြန်အလှန် လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် သဘောတူညီထားသည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို အတိအကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်ခြင်းခံယူရန် သဘောတူသည်။

၅။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရန် သဘောတူသည် -

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက် အကြားနယ်မြေစိုးမိုးမှု တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက် တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တစ်ဖက်နှင့်တစ်ဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရ။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ် ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် ဖြစ်စေ၊ ပြည်ပရန် ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါ စစ်ရေးဆိုင်ရာပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ပြုလုပ်သွားရန်။

(ဃ) ဘာသာရေး အဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ဆိုင်ရာနေရာ၊ လူထုနှင့် ပတ်သက်သော နေရာများတွင် စစ်ရေးဆိုင်ရာတပ် စခန်းချခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေး တိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသော မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

( စ ) အဖွဲ့အစည်းများအကြား ရန်လိုသော ဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်။

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေး လုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ် ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်။

(ဈ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေ စိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့် အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူ ဆောင်ရွက်ရန်။

(ည) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာအုပ်ချုပ်မှု ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဋ) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့် အချိန်မှစ၍ (၂၄) နာရီအတွင်း မိမိကွပ်ကဲမှုအောက် အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါ အချက်အလက်များ ကို (၅) ရက်အတွင်း ရှင်းလင်းအသိပေးရန်။

(ဌ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့် ပဋိပက္ခများ အား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရ။

၆။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ်စုဆောင်းခြင်းကိစ္စ ကို တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

## ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်း

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) နှစ်ဖက်တိုက်ရိုက် ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် စက်ဆက်သွယ်မှု၊

မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှု နည်းလမ်းများ ရယူလျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေး သတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ ရင်ဆိုင်မှု မဖြစ်စေရေးအတွက် နှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များ နေရာချထား ရန် ခက်ခဲနေဆဲ ဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန် အဆက်အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များသည် မိမိတို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များအား သတ်မှတ် နေရာများတွင်သာ ထားရှိရန်။

(င) နှစ်ဖက်တိုက်ရိုက် ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် တပ်စခန်းများ၏ အရေ အတွက်ကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာတပ်စခန်းနှင့် နယ်မြေတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့် တစ်ဖက် ဤသဘောတူ စာချုပ်ကို အခြေခံ၍ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရန်။

## တပ်ဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်

၈။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လွတ်လပ်စွာ သွားလာခွင့်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) လုံခြုံရေးအရ ကန့်သတ်ထားသော နေရာများမှအပ မည်သည့် နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်း မရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသော နယ်မြေအတွင်း လက်နက်ဖြင့်သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်ဖြင့် သွားလာရန်။

## အရပ်သားများကို အကာအကွယ်ပေးခြင်း

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည် -

(က) ပြည်သူလူထု၏စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ပံ့ပိုး ကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီး ချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသား မဆန်စွာ ပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်း မပြုလုပ်ရ။

(ဂ) ဒေသခံပြည်သူများကို အဓမ္မ နေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်း စေခြင်း မပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံ ရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝမပြုရန်နှင့် ဥပဒေ နှင့်အညီ ဆောင်ရွက်ရန်။

(စ) ဒေသခံများ၏ မြေယာများကို အဓမ္မ သိမ်းပိုက်ခြင်းနှင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်

ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်း မပြုလုပ်ရ။

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာ ပစ္စည်းများနှင့် အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေး ဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊ ဥပဒေအရ ခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းအား တားမြစ်ခြင်း မပြုလုပ်ရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင် သယ်ယူပို့ဆောင်ရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေး အဆောက်အအုံ ပရဝဏ်များအား အကြောင်းမဲ့ ဖျက်ဆီးခြင်း၊ ပျက်စီးမှု ဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာ တပ်စခန်းချထားခြင်း မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်း တို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအားဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မသားမယား ပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာ ကျွန်ပြုခြင်း မပြုလုပ်ရ။

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါ ဖြတ်

တောက်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်း/စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျွန်ပြုခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကျမှု မရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

## လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့် စပ်လျဉ်း ပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) အား ၎င်းတို့၏ ဆန္ဒအတိုင်း မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေး ဆောင်ရွက်ရန်သော် လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ်တည်ထောင် ပေးစေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ ပြန်လည်ဝင် ရောက်လာသည့် ဒုက္ခသည်များအား စိစစ်၍ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်း ဆောင်ရွက်ရန်။

# အခန်း (၄)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်ခြင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများ အနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာစည်းမျဉ်း စည်းကမ်းများကို ဤစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးပြီး (၁) လအတွင်း အပြီးရေးဆွဲပြဋ္ဌာန်းရန် သဘောတူသည်။

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေးက အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ" ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးရန် သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေး အဖွဲ့များ စသည်ဖြင့် အဆင့်ဆင့် ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော နိုင်ငံခြား အစိုးရများ၏ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၏ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ အဆင့် ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ် လည်းကောင်း၊ နည်းပညာ အထောက်အကူပြုအဖြစ် လည်း ကောင်း သင့်လျော်သလိုပါဝင်ရန် နှစ်ဖက်သဘောတူညီချက် ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး အကောင်အထည်ဖော်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်း လမ်းညွှန်များနှင့် ဖွဲ့စည်းပုံ အသေးစိတ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင် အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရေးဆွဲပြဋ္ဌာန်း အတည်ပြုရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှု လုပ်ငန်းစဉ်များကို တာဝန်ခံ ဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရန်။

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအား လူသားချင်း စာနာသည့် အခြေခံ အထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာ ပြန်လည်ချထား ရေး အစီအစဉ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက် မှုကို စောင့်ကြည့်လေ့လာရန်။

(င) တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး အခြေအနေ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စ များ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတို့အား ထိန်းသိမ်း လိုက်နာခြင်းနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု အခြေခံဖြင့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံး ကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက် အလက်များ (နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူစာချုပ်တွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူညီသည်။

## ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် သတ်မှတ်ထားသည့် ဒေသများတွင်လည်းကောင်း ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားရန် သဘောတူသည်။

၁၇။ ဆက်ဆံရေးရုံးများတွင် ထားရှိမည့် ဆက်ဆံရေးအရာရှိများသည် အခက်အခဲနှင့် ပြဿနာရပ်များအား လျင်မြန်စွာ ဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

၁၈။ ဆက်ဆံရေးရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလိုအပ်သည့်အကာအကွယ်ပေးရန် သဘောတူသည်။

အခန်း(၅)

# နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးစတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါ အခြေခံမူများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည်။

## နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက “နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာမူဘောင်” (The Framework for Politi-cal Dialogue) ကို ရေးဆွဲ သဘောတူညီမှုရယူခြင်း။

(ဂ) ထိုမူဘောင်ကိုအခြေခံ၍အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နစ်ဖက်သဘော တူညီသော ကြိုတင်ဆောင်ရွက် ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပခြင်း။

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူခြင်း။

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

## နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း

၂၁။ အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါ သဘောတူညီချက်များအား ပူးတွဲဦးဆောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည် -

(၁) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်း။

(၂) ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီနှင့် အခြား လိုအပ်သော ကော်မတီများကို ဖွဲ့စည်းခြင်း။ (ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။)

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုံစံများနှင့် စပ်လျဉ်း၍ အသေးစိတ် ဖော်ညွှန်း ထားသည့် ဆွေးနွေးပွဲမူဘောင်တစ်ရပ်ကို ဤသဘောတူ စာချုပ် လက်မှတ်ရေးထိုးပြီးသည့်ချိန်မှစ၍ ရက်ပေါင်း (၆၀) အတွင်း ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အတူတကွ ပူးတွဲ ရေးသားဖော်ဆောင်ရန်။

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀) အတွင်း စတင် လုပ်ဆောင်ရန်။

(ဃ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှား၍ ဤစာချုပ်ပါ အခြေခံမူတွင် သဘောတူညီထားသည့် အချက်များ အပါအဝင် အခြားဆွေးနွေးရမည့် ခေါင်းစဉ်အသေးစိတ်ကို နိုင်ငံရေး ဆွေးနွေးပွဲမူဘောင်တွင် ထည့်သွင်းဆွေးနွေး၍ အတည်ပြုရန်။

(င) သဘောတူညီမှုချမှတ်ရာ၌ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေး ကို ဦးတည်လျက် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်း များအကြား အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။

## အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း

၂၂။ (က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် အားလုံးပါဝင်

ရေးမူကို အခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော် တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ တရားဝင် နိုင်ငံရေး ပါတီ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ နှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်။

(ခ) တိုင်းရင်းသား ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့ အစည်းများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ပညာရှင်အစုတို့၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့် ဆင့်တွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် သင့်တော်သလို ပါဝင် စေရေးကို နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ဆွေးနွေး သတ်မှတ်ရမည်။

(ဂ) နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်မည့် ကိုယ်စားလှယ် အချိုးအစားကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး မူဘောင် ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။

(ဃ) ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက် များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင် ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်။

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုး အစားဖြင့် အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

# အခန်း(၆)

# ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

## ယုံကြည်မှုတည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် အချက်များ

၂၄။ (က) အစိုးရသည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကို ချိုးဖောက်ခြင်းမှအပ ဤပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီးအရေးယူမှုများ မပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက်ရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများနှင့် ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့် အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရသော်လည်းကောင်း၊ မတရားအသင်းအက်ဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ရန် သဘောတူသည်။

(ဂ) နိုင်ငံတော်အနေဖြင့် ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့် အချိန်တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်း အက်ဥပဒေအရ အမှုစွဲဆိုခြင်းခံထားရသူများနှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက်ဥပဒေနှင့်အညီဆောင်ရွက်ပေးရန် သဘောတူသည်။

## ကြားကာလအတွင်းဆောင်ရွက်ရမည့် အစီအစဉ်များ

၂၅။ (က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများ ဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပ အကောင်အထည်ဖော်နေသည့် ကာလအတွင်း ၎င်းနယ်မြေများတွင် နှစ်ဖက်ညှိနှိုင်းပြီး အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည် -

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊

(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၊

(၄) ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(၅) ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင် အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၆) မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ၊

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသော စီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်

ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative - EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ကို အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

## ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန်တင်သွင်းခြင်း

၂၆။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

## အခန်း(၇)

# အထွေထွေ

၂၇။ ဤစာချုပ်က လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များ ရှိလာပါက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် သီးခြားစီဆွေးနွေး၍ စာချုပ်၏ မူများနှင့် ဆန့်ကျင်ကွဲလွဲခြင်း မရှိစေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှုရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့် အင်္ဂလိပ်သာသာတို့ တရားဝင်အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ်အရ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက မြန်မာဘာသာဖြင့် ရေးသားထားသည့် စကားရပ်များအတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင် ပါဝင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပူးတွဲ၍ တာဝန်ယူဆောင်ရွက်သွားရန် သဘောတူသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သော "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး"ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်များအနက် ကိုးကားရမည့် ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင်

အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်ရန် သဘောတူသည်။

## ညှိနှိုင်းဖြေရှင်းခြင်း

၃၁။ (က) ဤသဘောတူစာချုပ်ပါ လိုက်နာရမည့် တာဝန်များ၊ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ မပြေလည်မှု ပေါ်ပေါက်လျှင် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကို အခြေခံ၍ ဖြေရှင်းရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဖြေရှင်းရာတွင် ပြေလည်မှု မရရှိပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြပြီး ညှိနှိုင်းဖြေရှင်းသွားမည်။

## သဘောတူစာချုပ်အကျိုးသက်ရောက်ခြင်း

၃၂။ ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီးသည့်နေ့ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန်လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း

၃၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးကြပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

၁။ ဦးသိန်းစိန်

...............................................

နိုင်ငံတော်သမ္မတ

၂။ ဒေါက်တာ စိုင်းမောက်ခမ်း

...............................................

ဒုတိယသမ္မတ

၃။ ဦးဉာဏ်ထွန်း

...............................................

ဒုတိယသမ္မတ

၄။ သူရဦးရွှေမန်း

...............................................

အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးဗဟိုကော်မတီ

၅။ ဦးခင်အောင်မြင့်

...............................................

အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးဗဟိုကော်မတီ

၆။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

...............................................

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၇။ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

..........................................

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

၈။ ဦးအောင်မင်း

.............................................

ပြည်ထောင်စုဝန်ကြီး

ဒုတိယဥက္ကဋ္ဌ၊

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၉။ ဦးသိန်းဇော်

.............................................

ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊

ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့်

ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ

ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး

ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU)

- ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး — ဥက္ကဋ္ဌ

.............................................

- ဗိုလ်ချုပ်ကြီး စောဂျော်နီ — စစ်ဦးစီးချုပ်

.............................................

- ပဒို စောကွယ်ထူးဝင်း — အထွေထွေအတွင်းရေးမှူး

.............................................

၂။ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)(KNU/KNLA-PC)

- ဗိုလ်ချုပ်ကြီး စောထိန်မောင် ဥက္ကဋ္ဌ

...............................................

- ဗိုလ်ချုပ် စောရင်န စစ်ထောက်ချုပ်

...............................................

- စောနေစိုးမြ စစ်ရေးချုပ်

...............................................

၃။ ချင်းအမျိုးသားတပ်ဦး (CNF)

- ပူးနန်လျန်ထန် ဥက္ကဋ္ဌ

...............................................

- ပူးဇင်ကျုံး အထွေထွေအတွင်းရေးမှူးချုပ်

...............................................

- ဗိုလ်မှူးချုပ် ဟာရန်သင်ထိုက် စစ်ဦးစီးချုပ်

...............................................

၄။ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

- ဒုတိယဗိုလ်ချုပ်ကြီး စောလားပွယ် စစ်ဦးစီးချုပ်

...............................................

- ဗိုလ်ချုပ် စောမိုးရှေ ဒုတိယစစ်ဦးစီးချုပ်

...............................................

- ဗိုလ်မှူး စောစိန်ဝင်း စစ်ရေးချုပ်

...............................................

၅။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

- ခွန်မြင့်ထွန်း ဥက္ကဋ္ဌ

...............................................

- ဗိုလ်မှူးကြီး ခွန်သူရိန်　　စစ်ဦးစီးချုပ်

..............................................

- ဗိုလ်မှူးကြီး ခွန်ဥက္ကာ　　နာယက

..............................................

၆။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

- ရဲဘော သံခဲ　　ဥက္ကဋ္ဌ

..............................................

- ရဲဘော် မျိုးဝင်း　　ဒုတိယဥက္ကဋ္ဌ

..............................................

- ရဲဘော် ရဲထွတ်　　စစ်ကော်မရှင်အတွင်းရေးမှူး

..............................................

၇။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

- ခိုင်စိုးနိုင်အောင်　　ဒုတိယဥက္ကဋ္ဌ

..............................................

- ဗိုလ်မှူးချုပ် ခိုင်ထွန်းဝင်း　　စစ်ဦးစီးချုပ်

..............................................

- စောမြရာဇာလင်း　　ဗဟိုကော်မတီ

..............................................

၈။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

- ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်　　ဥက္ကဋ္ဌ

..............................................

- ဗိုလ်မှူးချုပ် ဘောင်ခေး　　ဒုတိယစစ်ဦးစီးချုပ်

..............................................

- ဗိုလ်မှူးကြီး စိုင်းလ　　အတွင်းရေးမှူး-၂

..............................................

# ပြည်တွင်းအသိသက်သေများ

၁။ ဒေါ်အောင်ဆန်းစုကြည်

.............................................

၂။ ဒေါက်တာ တူးဂျာ (ကချင်)

.............................................

၃။ ဦးစောဒယ်နီရယ် (ကယား)

.............................................

ဦးခူးရယ်

.............................................

ဦးစောလဖော်

၄။ ဦးစောထွန်းအောင်ချိန် (ကရင်)

.............................................

ဦးစောသိန်းအောင်

.............................................

၅။ ဦးဇိုဇမ် (ချင်း)

.............................................

၆။ နိုင်ငွေသိန်း (မွန်)

.............................................

နိုင်မောင်တိုး

၇။ ဦးအေးသာအောင် (ရခိုင်)

.............................................

၈။ ဦးစိုင်းအိုက်ပေါင်း (ရှမ်း)

.............................................

ခွန်ထွန်းဦး

၉။ အခြားဖိတ်ကြားသူများ

- ဦးကိုကိုကြီး (၈၈-မျိုးဆက်)

...............................................

- ဦးမြအေး (၈၈-မျိုးဆက်)

...............................................

- ဒေါ်သန်းသန်းနု (DP-Myanmar)

...............................................

- ဦးသန်းတင် (တစည)

...............................................

- ဦးဌေးဦး (USDP)

...............................................

- ဦးတင်နိုင်သိန်း (USDP)

...............................................

၁၀။ ~~ခွန်ထွန်းဦး~~

...............................................

၁၁။ UNA - ~~ခွန်ထွန်းဦး~~

...............................................

- ဦးအေးသာအောင်

...............................................

-

...............................................

၁၂။ NBF - ဦးခင်မောင်ဆွေ

...............................................

- ဒေါ်ချင်းချင်း

...............................................

...............................................

၁၃။ FDA -

...............................................

၁၄။ NLD -

...............................................

၁၅။ USDP - ဦးဌေးဦး

...............................................

- ဦးတင်နိုင်သိန်း

...............................................

၁၆။ တိုင်းရင်းသားရေးရာဝန်ကြီးများ

- ဦးစောထွန်းအောင်မြင့်

...............................................

- ဦးဇော်အေးမောင်

...............................................

- ဦးခွန်သန်းမြင့် (ဦးခွန်ဖေမြ)?

...............................................

၁၇။ အထူးဖိတ်ကြားသူများ

- ဦးခင်ရီ

...............................................

- ဦးသန်းဌေး

...............................................

- ဦးသက်နိုင်ဝင်း

...............................................

- ဦးမြင့်စိုး

...............................................

- ဦးခင်ဇော်ဦး

...............................................

# နိုင်ငံတကာအသိသက်သေများ

၁။ ကမ္ဘာ့ကုလသမဂ္ဂ

His Excellency Mr. Vijay Nambiar

............................................

United Nations Special Advisor

to the Secretary General on Myanmar

၂။ ဥရောပသမဂ္ဂ

His Excellency Mr. Roland Kobia

............................................

The European Union Ambassador to Myanmar

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

His Excellency Mr. Sun Guoxiang

............................................

The Special Envoy on Asian Affairs

of the People's Republic of China

၄။ အိန္ဒိယသမ္မတနိုင်ငံ

His Excellency Mr. Gautam Mukhapadhaya

............................................

Ambassador Extraordinary and Plenipotentiary

of the Republic of India

to the Republic of the Union of Myanmar

၅။ ထိုင်းနိုင်ငံ

His Excellency Mr. Apichart Chinwanno

.........................................

Permanent Secretary

of the Ministry of Foreign Affairs and

Special Envoy of the Foreign Minister of Thailand

၆။ ဂျပန်နိုင်ငံ

His Excellency Mr. Yohei SASAKAWA

.............................................

Special Envoy of the Government of Japan for National Reconciliation in Myanmar

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်

## နိဒါန်း

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တပ်ဖွဲ့ဝင်များသည် သဘောတူညီချက် ကတိကဝတ်များကို ထိန်းသိမ်းလိုက်နာပြီး တိတိကျကျအကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်သည်။ ထို့အပြင် ဤသဘောတူညီချက်ကို ချိုးဖောက်ခြင်း၊ အငြင်းပွားခြင်းများရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းဝင်များသည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ အဆုံးအဖြတ်ကို ခံယူကြရမည်ဖြစ်ကြောင်း နားလည် သဘောတူညီကြပါသည်။

၂။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို အကောင်အထည်ဖော် ဆောင် ရွက်ရာတွင် ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတို့ကို အခြေခံ၍ အတူတကွ အကောင်အထည်ဖော်လုပ်ဆောင်ရန် နှစ်ဖက်မှ သဘောတူညီကြပါသည်။

## ရည်ရွယ်ချက်

၃။ ဤစည်းမျဉ်းစည်းကမ်းနှင့်ကျင့်ဝတ်များကိုလိုက်နာစောင့်ထိန်းခြင်း

အားဖြင့် ပြည်သူလူထုအပေါ် ဝန်ထုတ်ဝန်ပိုး မဖြစ်စေခြင်း၊ နှစ်ဖက် တပ်များအကြား ရန်လိုမှုများကို လျှော့ချခြင်း၊ ယုံကြည်မှုနှင့် တည်ငြိမ်ကောင်းမွန်သော အခြေအနေများကို ဖန်တီးတည်ဆောက် ခြင်းတို့မှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည် ဆောက်သွားရန် ရည်ရွယ်ပါသည်။

# အခန်း (၁)

# အခြေခံမူများ

၄။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ရာ နှစ်ဦးနှစ်ဖက်နှင့် သက်ဆိုင်သော ကိစ္စဟူသမျှကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရန်မူသော လုပ်ရပ်နှင့် ရန်မူသည့်သဘောကိုဆောင်သည့် လုပ်ရပ်အားလုံးကို ရပ်စဲပြီးဖြစ်သည်။ ထို့အပြင် အပစ်ရပ်နယ်မြေနှင့် ပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေး အကျိုးသက်ရောက်ရာဒေသအတွင်း နေထိုင်ကြသော ပြည်သူလူထုအပေါ် ဥပဒေနှင့် ဆန့်ကျင်သောပြုကျင့်မှုများ မဖြစ် ပွားရေးစောင့်ထိန်းရန်နှင့် စစ်ရေးဆိုင်ရာရန်မူမှုများ အဆုံးသတ်ပြီး ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်က သဘောတူသည်။

၅။ နှစ်ဖက်တပ်များမှ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာခြင်း အားဖြင့် နှစ်ဖက်တပ်များအကြားတွင်သော်လည်းကောင်း၊ နှစ်ဖက် တပ်များနှင့် ပြည်သူလူထုအကြားတွင်သော်လည်းကောင်း၊ အပြန် အလှန် ယုံကြည်မှုကို ဖြစ်ထွန်းစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

၆။ အစိုးရနှင့် လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း နှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များသည် နှစ်ဖက်သဘောတူ သတ်မှတ် ထားသည့် အပစ်ရပ်နယ်မြေများရှိ ပါဝင်ပတ်သက်သူ အားလုံး အပေါ် သက်ရောက်မှုရှိသည်။

# အခန်း (၂)
# အရပ်သားပြည်သူနှင့်ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည် -

(က) ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ပံ့ပိုး ကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီး ချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာ ပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်း မပြုလုပ်ရ။

(ဂ) ဒေသခံပြည်သူများကို အဓမ္မ နေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်း စေခြင်း မပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေရိက္ခာ၊ လုပ်အား နှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝမပြုရန်နှင့် ဥပဒေ နှင့်အညီ ဆောင်ရွက်ရန်။

(စ) ဒေသခံများ၏ မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့် လွှဲ ပြောင်းခြင်းများ မပြုလုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက် ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်းမပြုလုပ်ရ။

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့် အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဥပဒေအရ ခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို နှောင့်ယှက်ဟန့်တားခြင်းများ မပြုလုပ်ရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင်သယ်ယူပို့ဆောင်ရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေး အဆောက်အအုံပရဝဏ်များအား အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပျက်စီးမှုဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာ တပ်စခန်းချထားခြင်း မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မ သားမယား ပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာ ကျွန်ပြုခြင်း မပြုလုပ်ရ။

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါ ဖြတ်

တောက်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်း/စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျွန်ပြုခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကျမှု မရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

# အခန်း (၃)
# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များ

၈။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရန် သဘောတူသည် -

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက်အကြား နယ်မြေစိုးမိုးမှုတပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တစ်ဖက်နှင့်တစ်ဖက်ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရ။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့်ပတ်သက်သည့်လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင်အင်အားအသစ် ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန်ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါစစ်ရေးဆိုင်ရာ ပြင်ဆင်မှုများကို နှစ်ဖက် ညှိနှိုင်း၍ ပြုလုပ်သွားရန်။

(ဃ) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ် စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး

သဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေး ဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(င) ဘာသာရေး အဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ ဆိုင်ရာနေရာ၊ လူထုနှင့် ပတ်သက်သောနေရာများတွင် စစ်ရေး ဆိုင်ရာ တပ်စခန်းချခြင်း မပြုလုပ်ရန်။

(စ) ငြိမ်းချမ်းရေး တိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသောမိုင်းများကိုရှင်းလင်းရန်နှင့် မိုင်းရှင်းလင်း ရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

(ဆ) အဖွဲ့အစည်းများအကြား ရန်လိုသောဝါဒဖြန့်ချိမှုများ၊ မမှန် မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည် တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်။

(ဇ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နှစ်ဘက် ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆေး ဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်း ခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်။

(ဈ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေ စိုးမိုးရေးကိစ္စကို ညှိ နှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့် အညီဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင် ရွက်ရန်။

(ည) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာအုပ်ချုပ်မှုကိစ္စများ ကို ညှိနှိုင်းဆောင်ရွက်ရန်။

(၄) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့် အချိန်မှစ၍ (၂၄) နာရီအတွင်း မိမိကွပ်ကဲမှုအောက် အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါ အချက်အလက်များကို (၅) ရက်အတွင်း ရှင်းလင်းအသိပေးရန်။

(၅) နစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရ။

(၃) မတော်တဆဖြစ်ပွားသော ထိတွေ့မှုများကြောင့် ဖမ်းဆီးရမိသူများ၊ လက်နက်ချသူများ ရှိလာပါက နှစ်ဦးနှစ်ဖက် အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်း (၄)ခု၏ ဘုံအာတီကယ် (၃)အတိုင်း လိုက်နာဆောင်ရွက်ရန်။

## ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်း

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) နှစ်ဖက်တိုက်ရိုက် ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှု နည်းလမ်းများရယူ လျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေး သတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ ရင်ဆိုင်မှုမဖြစ်စေရေးအတွက် နှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များ နေရာချထားရန် ခက်ခဲနေဆဲဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက်

အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာများတွင်သာ ထားရှိရန်။

(င) နှစ်ဖက်တိုက်ရိုက် ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာတပ်စခန်းနှင့် နယ်မြေတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့် တစ်ဖက် ဤသဘောတူစာချုပ်ကို အခြေခံ၍ နှစ်ဖက် ညှိနှိုင်းဆောင်ရွက်ရန်။

## တပ်ဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်

၁၀။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လွတ်လပ်စွာ သွားလာခွင့်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) လုံခြုံရေးအရ ကန့်သတ်ထားသော နေရာများမှအပ မည်သည့် နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ အရပ်ဝတ်ဖြင့် လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းကထိန်းချုပ်ထားသောနယ်မြေအတွင်း လက်နက်ဖြင့်သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် သွားလာရန်။

## အခန်း (၄)

# အထွေထွေကိစ္စရပ်များ

၁၁။ နစ်ဖက်သဘောတူညီချက်သည် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး အကောင်အထည်ဖော်မှုကာလအတွင်း တရားဝင်သည်။ ထိုကာလအတွင်း တိုးတက်ဖြစ်ထွန်းလာသော အခြေအနေနှင့် လျော်ညီစွာ ပြင် ဆင်ဖြည့်စွက်ရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်၍ JICM ၏ အတည်ပြုချက် ရယူရမည်။

၁၂။ ဤသဘောတူညီချက်ကို နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး တက်ရောက်သူ ခေါင်းဆောင်များ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည် -

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များ

၁။ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ..........................
အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး

၂။ ဦးခင်မောင်စိုး ..........................
ပြည်ထောင်စုဝန်ကြီး

၃။ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ..........................
စစ်ဥပဒေချုပ်

၄။ ဗိုလ်ချုပ် ထွန်းထွန်းနောင် ..........................
အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး

၅။ ဗိုလ်ချုပ် အောင်ကျော်ဇော ............................

အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး

၆။ ဗိုလ်ချုပ် မင်းနောင် ............................

အမှတ်(၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး

၇။ ဦးမြင့်စိုး ............................

ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)

၈။ ဗိုလ်ချုပ် အောင်စိုး ............................

ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

၉။ ဗိုလ်မှူးကြီး ဝဏ္ဏအောင် ............................

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

၁၀။ ဒေါက်တာမင်းဇော်ဦး ............................

အစီအစဉ်ညွှန်ကြားရေးမှူး

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး
## ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်
## မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန
## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

၁။ ဗိုလ်ချုပ် စောအိုင်းဇက်ဖိုး............................

စစ်ထောက်ချုပ်၊

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)

ဗဟိုအမြဲတမ်းကော်မတီ၊

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU)

၂။ ဗိုလ်ချုပ် စောနေစိုးမြ ..........................

စစ်ရေးချုပ်၊

ကရင်အမျိုးသားအစည်းအရုံး/

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

( ငြိမ်းချမ်းရေးကောင်စီ ) (KNU/KNLA PC)

၃။ ဒေါက်တာရွှေခါး၏ ..........................

လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်(၂)၊

ချင်းအမျိုးသားတပ်ဦး (CNF)

၄။ ဗိုလ်မှူး စောကျော်သန်းဌေး ..........................

ဆက်ဆံရေးတာဝန်ခံချုပ်၊

ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

၅။ ဒုတိယဗိုလ်မှူးကြီး ခွန်အောင်မန်း ..........................

စစ်ဦးစီးမှူး/ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

၆။ ရဲဘော် ဆလိုင်းယောအောင် ..........................

ဗဟိုဦးဆောင်ကော်မတီဝင်

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ

ဒီမိုကရက်တစ်တပ်ဦး (ABSDF)

၇။ ဒုတိယဗိုလ်မှူးကြီး ခိုင်မျိုးချစ် ..........................

ဗဟိုစစ်ဦးစီးမှူးအဖွဲ့ဝင်၊

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၈။ ဗိုလ်မှူးကြီး ဆောင်းဟန် ..........................

ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

၉။ ပဒို စောတာဒိုမူး ............................

ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU)

၁၀။ စိုင်းလျန်း ............................

ဗဟိုကော်မတီဝင်၊

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ
# လုပ်ငန်းလမ်းညွှန်

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်

## နိဒါန်း

## ရည်ရွယ်ချက်

၁။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန်အလို့ငှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထား ဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများမှ အမြင်သဘောထားများကို စုစည်းကာ ပြည်ထောင် စုငြိမ်းချမ်းရေး ညီလာခံသို့ တင်ပြသွားနိုင်ရန် ရည်ရွယ်သည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၂၀ အပိုဒ်ခွဲ (ဂ)၊ (ဃ) နှင့် NCA အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်း အမှတ်စဉ် (၁၇) တို့အရ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းကော်မတီများမှ ဦးဆောင်လမ်းညွှန်၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ကျင်းပနိုင်ရန် ရည်ရွယ်သည်။

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

## အခမ်းပွဲဖွင့်ဆိုချက်

၃။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုသည်မှာ လူမျိုးအလိုက် သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ အကြောင်းအရာအလိုက်သော်လည်းကောင်း ကျင်းပသော ဆွေးနွေးပွဲများ ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ ဖိုရမ်သည် အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်သည်။

## ဦးဆောင်ကျင်းပမည့်သူများ

၄။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ (အစိုးရ၊ လွှတ်တော်၊ တပ်မတော်)၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစုအဖွဲ့ တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဦးဆောင်ကျင်းပနိုင်သည်။

## ဆွေးနွေးမည့်အကြောင်းအရာများ

၅။ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အောက်ပါအကြောင်းအရာများကို ဆွေးနွေးသွားကြမည် ဖြစ်သည် -

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

(က) **နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ (လူမျိုးအလိုက်၊ ဒေသအလိုက်)

(၂) တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်း အခွင့်အရေး ကိစ္စရပ်များ (လူမျိုးအလိုက်၊ ဒေသအလိုက်)

(ခ) **လူမှုရေး**

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ (အရပ်ဘက်လူ့အဖွဲ့အစည်းများ ဖိုရမ်၊ လူမျိုးအလိုက်)

(ဂ) **စီးပွားရေး**

(၄) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ (အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ်)

(၅) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ (လူမျိုးအလိုက်၊ ဒေသအလိုက်)

(ဃ) **မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၆) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ (လူမျိုးအလိုက်၊ ဒေသအလိုက်)

(၇) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်)

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

**အထွေထွေ**

၆။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အစုအဖွဲ့ တစ်ဖွဲ့ချင်းစီမှ သော်လည်းကောင်း၊ အစုအဖွဲ့များ စုပေါင်း၍သော် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပရာတွင် ဒေသတွင်း တည်ငြိမ်မှုနှင့် လုံခြုံမှုများ မထိခိုက်စေရေးအတွက် အလေးထား ဆောင်ရွက်ရမည်။

၇။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ လုပ်ငန်းလမ်းညွှန် အား နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ဖြည့်စွက်ချက် များနှင့်အညီ UPDJC က ပြင်ဆင်ဖြည့်စွက်နိုင်သည်။

# လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် (မူကြမ်း)

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

၁။ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ဆိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ခေါ်ယူကျင်းပသော UPDJC မှ အသိအမှတ်ပြုသည့် ဆွေးနွေးပွဲများကို ဆိုလိုသည်။

## လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ များတွင် ဆွေးနွေးမည့် အကြောင်းအရာများ

၂။ **နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ

(၂) တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေး ကိစ္စရပ်များ

**လူမှုရေး**

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

**စီးပွားရေး**

(၄) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

## မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၅) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

## ပါဝင်မည့် အဖွဲ့အစည်းများ

၃။ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေး ပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပါဝင်သင့်ပါဝင်ထိုက်သော သီခြားလက္ခဏာရှိသည့် တိုင်းရင်းသားလူမျိုးများ ပါဝင်နိုင်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ UPDJC မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့် အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

(တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပရမည်။

၅။ သတ်မှတ်ပေးထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထား စုစည်းချက်များကို ရယူရမည်။

## ကျင်းပပုံ ကျင်းပနည်း

၆။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည် -

(က) သက်ဆိုင်ရာအကြောင်းအရာအလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်ပေးခြင်း

**နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ

**ဒီမိုကရေစီစနစ်ဆိုင်ရာကိစ္စရပ်များ**

(ကက)

(ခခ)

(ဂဂ)

**ဖက်ဒရယ်စနစ်ဆိုင်ရာကိစ္စရပ်များ**

-

(ကက)

(ခခ)

(ဂဂ)

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

(၂) တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေး ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**လူမှုရေး**

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီးရေးနှင့် ပညာပေးရေးဆိုင်ရာ ကိစ္စရပ်များ

(ခ) လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များ

(ဂ)

**စီးပွားရေး**

(၄) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

## မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၅) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်း

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

ဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

(ခ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမှု ဘောင် သတ်မှတ်ပေးခြင်း။

(ဂ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမည့် အကြိမ်အရေအတွက် သတ်မှတ်ပေးခြင်း။

၇။ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စီစဉ် ကျင်းပခွင့်ရှိသည့် အစုအဖွဲ့များအနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစုအဖွဲ့များ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## သဘောထားစုစည်းခြင်း

၈။ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ များတွင် တူညီသော အမြင်သဘောထားများနှင့် မတူကွဲပြားသော အမြင်သဘောထားများကို စုစည်းရန် ဖြစ်သည်။

## ပြန်လည်တင်ပြခြင်း

၉။ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ များ၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာ လုပ်ငန်း ကော်မတီများထံ တင်ပြရမည်။

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

## သက်တမ်း

၁၀။ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်းအတိုင်း ဖြစ်သည်။

******

# ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန် (မူကြမ်း)

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုသည်မှာ တိုင်းဒေသကြီး အစိုးရများ၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီတို့က ခေါ်ယူကျင်းပသော UPDJC မှ အသိအမှတ်ပြုသည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆိုလိုသည်။

## ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများ

## ၂။ နိုင်ငံရေး

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ

(၂) တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များ

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

**စီးပွားရေး**

(၃) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

## မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၄) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်း ဆိုင်ရာ ကိစ္စရပ်များ

## ပါဝင်မည့် အဖွဲ့အစည်းများ

၃။ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်သည်။

မှတ်ချက်။ ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဟု ဆိုရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ ပါဝင်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ UPDJC မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့် အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပရမည်။

၅။ သတ်မှတ်ပေးထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထားစုစည်းချက်များကို ရယူရမည်။

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

၆။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည် -

(က) သက်ဆိုင်ရာအကြောင်းအရာအလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်ပေးခြင်း ကဏ္ဍတွင်

**နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်များ

**ဒီမိုကရေစီစနစ်ဆိုင်ရာကိစ္စရပ်များ -**

(ကက)

(ခခ)

(ဂဂ)

**ဖက်ဒရယ်စနစ်ဆိုင်ရာကိစ္စရပ်များ -**

(ကက)

(ခခ)

(ဂဂ)

(၂) တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေး ကိစ္စရပ်များ

(က)

(ခ)

(ဂ)

---

စီးပွားရေး

(၃) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(က)

(ခ)

(ဂ)

## မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ကိစ္စရပ်များ

(၄) မြေယာနှင့် သဘာဝသယံဇာတ စီမခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

မှတ်ချက်။ ။ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြေယာကဏ္ဍအား ဆွေးနွေးရာတွင် ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒကိုသာ ဆွေးနွေးရန် သဘောတူသည်။

(ခ) သက်ဆိုင်ရာအကြောင်းအရာအလိုက် ဆွေးနွေးမှု ဘောင်သတ်မှတ်ပေးခြင်း။

မှတ်ချက်။ ။ အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

(ဂ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမည့်

အကြိမ်အရေအတွက် သတ်မှတ်ပေးခြင်း။

မှတ်ချက်။ ။ အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

၇။ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စီစဉ်ကျင်းပခွင့်ရှိသည့် အစုအဖွဲ့များအနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစုအဖွဲ့များ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

## သဘောထားစုစည်းခြင်း

၈။ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် တူညီသော အမြင်သဘောထားများနှင့် မတူကွဲ ပြားသော အမြင်သဘောထားများကို စုစည်းရန် ဖြစ်သည်။

## ပြန်လည်တင်ပြခြင်း

၉။ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာ လုပ်ငန်း ကော်မတီများထံ တင်ပြရမည်။

## သက်တမ်း

၁၀။ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်း အတိုင်း ဖြစ်သည်။

*******

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

# အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) လုပ်ငန်းလမ်းညွှန် (မူကြမ်း)

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုသည်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းများက ကျင်းပသော UPDJC မှ အသိအမှတ်ပြုသည့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သည်။ လူဦးရေ (၅၀၀) ထက် မပိုသော ကိုယ်စားလှယ်များ တက်ရောက်သည့် အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်ကိုသာ အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအဖြစ် သတ်မှတ်သည်။

## အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ်) တွင် ဆွေးနွေးမည့် အကြောင်းအရာများ

၂။ **လူမှုရေး**

(၁) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

**စီးပွားရေး**

(၂) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

## မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၃) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေး အန္တရာယ် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ

## ပါဝင်မည့် အဖွဲ့အစည်းများ

၃။ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့ အစည်းများဖိုရမ်) တွင် ပါဝင်ကြမည့် အရပ်ဘက်လူ့အဖွဲ့အစည်းများဆိုသည်မှာ နိုင်ငံတော်အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီများနှင့် ပြည်ပအစိုးရနှင့် ၄င်းသြဇာခံ အဖွဲ့အစည်းတစ်ခုခု၏ ဖွဲ့စည်းထိန်းချုပ်မှုအောက်တွင် မရှိသော၊ မိမိတို့၏ သဘောဆန္ဒနှင့် ရည်မှန်းချက်အရ လာရောက်စုစည်းထားကြသည့် လွတ်လပ်သော အဖွဲ့အစည်းများနှင့် အစုအဖွဲ့များကို ဆိုလိုသည်။

၄။ အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်တွင် ပါဝင်ဆွေးနွေးရန် မြန်မာနိုင်ငံအတွင်းရှိ "အရပ်သားအခြေပြု အဖွဲ့အစည်းများ ဖြစ်ကြခြင်း၊ အကြမ်းဖက်မှုမပြုခြင်း (သို့မဟုတ်) အကြမ်းဖက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုံ့ဆော်မှုမပြုခြင်း၊ မိမိတို့ အစုအဖွဲ့၏ အယူအဆ၊ သဘောတရားများကိုသာ လွှမ်းမိုးပျံ့နှံ့စေရန် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ဗဟုဝါဒ (Pluralism) နှင့် စုံလင်ကွဲပြားမှုများ (Diversity) ကို လက်ခံနိုင်ကြသည့် အဖွဲ့အစည်းများ ဖြစ်ကြ ခြင်း" စသော လက္ခဏာရပ်များကိုဆောင်သည့် အဖွဲ့အစည်းများ ဖြစ်ကြရမည်။ ယင်းအဖွဲ့အစည်းများတွင် ပထဝီနေရာဒေသကိုအခြေပြုသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဦးစားပေးအကြောင်း အရာတစ်ခုချင်းစီအပေါ် အခြေပြုသည့် အရပ်ဘက် လူ့အဖွဲ့အစည်းများစသော လူမှုအသိုက်အဝန်းအတွက် လုပ်ရှားဆောင်ရွက်နေကြသည့် မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းများ စုံလင်စွာပါဝင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) များကို ကျင်းပရမည်။

၆။ သတ်မှတ်ပေးထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထားစုစည်းချက်များကို ရယူရမည်။

## ကျင်းပပုံ ကျင်းပနည်း

၇။ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့်အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ် ကျင်းပနိုင်ရေးအတွက် ကျင်းပမည့် နည်းလမ်းများ၊ စီမံခန့်ခွဲမှုအဆင့်ဆင့်ပုံစံ စသည်တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည် -

(က) သက်ဆိုင်ရာအကြောင်းအရာအလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်ပေးခြင်း ကဏ္ဍတွင်

**လူမှုရေး**

(၁) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(က)

(ခ)

(ဂ)

---

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပသော အဋ္ဌမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုသည်။

**စီးပွားရေး**

(၂) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေး နှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၃) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

(ခ) သက်ဆိုင်ရာအကြောင်းအရာအလိုက် ဆွေးနွေးမှု ဘောင် သတ်မှတ်ပေးခြင်း။

မှတ်ချက်။ ။ အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

(ဂ) သက်ဆိုင်ရာအကြောင်းအရာအလိုက် ဆွေးနွေးမည့် အကြိမ် အရေအတွက် သတ်မှတ်ပေးခြင်း။

မှတ်ချက်။ ။ အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

၉။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စီစဉ်ကျင်းပခွင့်ရှိသည့် အစုအဖွဲ့များအနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစုအဖွဲ့များ သတ်မှတ်နိုင်ရန်

---

သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## သဘောထားစုစည်းခြင်း

၁၀။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) များတွင် တူညီသော အမြင်သဘောထားများနှင့် မတူကွဲပြားသော အမြင်သဘောထားများကို စုစည်းရန် ဖြစ်သည်။

## ပြန်လည်တင်ပြခြင်း

၁၁။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) များ၏ သဘောထား စုစည်းချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများထံ တင်ပြရမည်။

## သက်တမ်း

၁၂။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) များ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်းအတိုင်း ဖြစ်သည်။

*******